## အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍

## ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းနှင့် ပညာရှင်များ၏ဆွေးနွေးအကြံပြုချက်များ

| စဉ် | အခန်း | အပိုဒ် | မူလဥပဒေကြမ်း | ပြည်သူ့လွှတ်တော် ၏အတည်ပြုချက် | ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းနှင့် ပညာရှင်များ၏အကြံပြုချက် | ကြောင်းကျိုးဖော်ပြချက် |
|---|---|---|---|---|---|---|
| ၁။ | ၁ | ၂။ | ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက် စေရမည်-<br>(ခ)<br>အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုလိုသည်။ | ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်-<br>(ခ)<br>အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ပြည်ထောင်စု အစိုးရ အဖွဲ့ကိုဆိုလိုသည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |
| ၂။ | | အသစ်ဖြည့်စွက်ချက် | | | **ထပ်တိုးပုဒ်မ**<br>**၂။(ဂ)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ အစိုးရအဖွဲ့ကို ဆိုလိုသည်။** | **၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂) တွင် စီမံခန့်ခွဲရေးကဏ္ဍ ကျေးရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ ပြဋ္ဌာန်းခွင့်ရှိကြောင်းဖော်ပြထားသည်။** |

| | | | | | | |
|---|---|---|---|---|---|---|
| ၃။ | | **အသစ်ဖြည့်စွက်ချက်** | | | **<u>ထပ်တိုးပုဒ်မ</u>**<br>**၂။(ယ)အသက်မွေးဝမ်းကြောင်းဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း ဆိုသည်မှာ စိုက်ပျိုးရေး မွေးမြူရေး တနိုင်တပိုင် စက်မှုလက်မှု လုပ်ငန်းများအား နည်းပညာ ထောက်ပံ့ပေးခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ပညာရေး၊ကျန်းမာရေး နှင့်လူမှုဘဝဖွံ့ဖြိုးစေရန် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းလုပ်ငန်းကို ဆိုလိုသည်။** | **Rural Development Strategic Frame Work အရ ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးသာမက ကျေးလက်အသက်မွေးဝမ်းကြောင်းဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကိုပါ ဥပဒေအရ အာမခံ၍ ဆောင်ရွက်ပေးနိုင်ရန် ဖြစ်သည်။** |
| ၄။ | | | (ဆ)အရင်းမပျောက် မတည်ရန်ပုံငွေ ဆိုသည်မှာ ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရေး အတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် ဝင်ငွေ တိုးတက်လာစေရန် အများပိုင်ရန်ပုံငွေ တစ်ရပ် မတည် ထူထောင်ပြီး အရင်းမပျောက် လည်ပတ် ဆောင်ရွက်သော ရန်ပုံငွေကို ဆိုလိုသည်။ | (ဆ) အရင်းမပျောက် မတည်ရန်ပုံငွေ ဆိုသည်မှာ ကျေးလက်ဒေသနေ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရေးအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် ဝင်ငွေ တိုးလုပ်တက်လာစေရန် အများပိုင် ရန်ပုံငွေတစ်ရပ် မတည် ထူထောင်ပြီး အရင်းမပျောက် လည်ပတ် ဆောင်ရွက်သော ရန်ပုံငွေကို ဆိုလိုသည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |

| | | | | | | |
|---|---|---|---|---|---|---|
| **၅။** | | **အသစ်ဖြည့်စွက်ချက်** | | | **<u>ထပ်တိုးပုဒ်မ</u><br>၂။(ည)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်မှုကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီကို ဆိုသည်။** | **၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂) တွင် စီမံခန့်ခွဲရေးက႑၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ ပြဋ္ဌာန်းခွင့်ရှိကြောင်းဖော်ပြထားသည်။** |
| ၆။ | ၂ | ၃။ | ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်၊<br>(ဂ)ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေး အရင်းအနှီးများကို ထိရောက် အကျိုးရှိစွာ အသုံးချနိုင်ရန်၊ | ဤဥပဒေ၏ရည်ရွယ်ချက်များမှာအောက်ပါ အတိုင်းဖြစ်သည်။<br>(ဂ)ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ တွင်ရရှိနိုင်သောလူ့စွမ်းအားနှင့် ငွေကြေး အရင်းအနှီးများကို ပြည်သူ ပူးပေါင်း ပါဝင်မှုဖြင့် ထိရောက် အကျိုး ရှိစွာ အသုံးချနိုင်ရန်၊ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |
| ၇။ | | ၃။ | (စ)ကျေးလက်ဒေသ ရေရရှိရေး၊ ကျေးလက်ဒေသနေ ပြည်သူ များ၏ ပညာရေးနှင့်ကျန်းမာရေး အဆင့်အတန်း တိုးတက် ကောင်းမွန်ရေး၊ ကျေးရွာတွင်း လမ်း၊ ကုန်ထုတ်လမ်းနှင့် | (စ) ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် အိမ်တွင်းလေထု ညစ်ညမ်းမှု ကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | တံတားများ တည်ဆောက်<br>ပြုပြင်ထိန်းသိမ်းရေး၊<br>ကျေးလက်ဒေသ လျှပ်စစ်မီး<br>ရရှိရေးနှင့် ကျေးလက် ဒေသနေ<br>ပြည်သူများ၏ လူမှုစီးပွား<br>ဘဝဖွံ့ဖြိုး တိုးတက် ရေးတို့ကို<br>အကောင် အထည်<br>ဖော်ဆောင်ရွက်ရန်၊ | ဆောင်ရွက်ရန်၊ | | |
| ၈။ | | | | (ဆ) ကျေးလက်ဒေသနေ<br>ပြည်သူများ၏ပညာရေးနှင့်<br>ကျန်းမာရေး အဆင့်အတန်း<br>တိုးတက်ကောင်းမွန်ရေး<br>ကျေးရွာတွင်းလမ်း၊ ကုန်ထုတ်<br>လမ်းနှင့် တံတားများ တည်ဆောက်<br>ပြုပြင်ထိမ်းသိမ်းရေး၊ ကျေးလက်<br>ဒေသလျှပ်စစ်မီး ရရှိရေးနှင့်<br>ကျေးလက်ဒေသနေပြည်သူများ၏<br>လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး<br>တို့ကို အကောင်အထည်ဖော်<br>ဆောင်ရွက်ရန်၊ | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက်အတိုင်း | |
| ၉။ | | **အ<br>သစ်** | | | **<u>ထပ်တိုးပုဒ်မ</u>**<br>**၃။(ဈ) ကျေးလက်လူထု၏<br>စွမ်းဆောင် ရည်<br>တိုးတက်လာစေရန်၊** | **ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ<br>ဆောင်ရွက်ရာတွင် သက်ဆိုင်သူများ<br>အားလုံးပူးပေါင်းပါဝင်နိုင်ရေးနှင့် Myanmar<br>Sustainable Development Plan Goals-1** |

| | | | | | | |
|---|---|---|---|---|---|---|
| | | **ဖြည့်စွက်ချက်** | | | **လူထုအခြေပြု အဖွဲ့အစည်းများ အားကောင်းလာစေရန်နှင့် ကောင်းမွန်သောစီမံအုပ်ချုပ်မှု စနစ် ပေါ်ပေါက်လာစေရန်။** | **လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှု အရလည်းကောင်း၊ Goals-4 လူ့စွမ်းအား အရင်းအမြစ်နှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး အရလည်းကောင်း။** |
| ၁၀။ | | **အသစ်ဖြည့်စွက်ချက်** | | | **<u>ထပ်တိုးပုဒ်မ</u><br>၃။(ဈ)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများနှင့် အညီ ဆောင်ရွက်နိုင်ရန်။** | **Myanmar Sustainable Development Plan Goals-5 သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေး မှုအရ ဖြစ်သည်။<br><br>၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၅၊ ပုဒ်မ ၃၉၀(ခ) အရဖြစ်သည်။** |
| ၁၁။ | ၃ | ၄။ | ပြည်ထောင်စု အစိုးရအဖွဲ့သည်-<br>(က) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ မူဝါဒ ချမှတ်နိုင်ရေးနှင့် ပေါင်းစပ် ညှိနှိုင်း ကြီးကြပ် ကွပ်ကဲ နိုင်ရေး အတွက်ကြီးကြပ်မှုကော်မတီကို ဝန်ကြီးဌာန၏ ပြည်ထောင်စု ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယ ဝန်ကြီးက ဒုတိယဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က | အစိုးရအဖွဲ့သည်-<br>(က) ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စပ်လျဉ်း၍ မူဝါဒ ချမှတ်နိုင်ရေးနှင့် ပေါင်းစပ် ညှိနှိုင်း ကြီးကြပ် ကွပ်ကဲ နိုင်ရေး အတွက်ကြီးကြပ်မှုကော်မတီကို ဝန်ကြီးဌာန၏ ပြည်ထောင်စု ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယ ဝန်ကြီးက ဒုတိယဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး အဖြစ် လည်းကောင်း၊ ဦးစီးဌာန၏ ဒုတိယ | ၄။အစိုးရအဖွဲ့သည်-<br>(က)ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ မူဝါဒချမှတ် နိုင်ရေးနှင့် ပေါင်းစပ် ညှိနှိုင်း ကြီးကြပ် ကွပ်ကဲနိုင်ရေး အတွက်ကြီးကြပ်မှုကော်မတီကို ဝန်ကြီးဌာန၏ ပြည်ထောင်စု ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယ ဝန်ကြီးက ဒုတိယ ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က | **ကြီးကြပ်မှု ကော်မတီ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ကဏ္ဍတွင် ကျွမ်းကျင်သူများ ပါဝင်သင့်သည်။** |

| | | | | | | |
|---|---|---|---|---|---|---|
| | | | အတွင်းရေးမှူး အဖြစ်<br>လည်းကောင်း၊ ဦးစီးဌာန၏<br>ဒုတိယ ညွှန်ကြားရေးမှူးချုပ်က<br>တွဲဖက်အတွင်းရေးမှူးအဖြစ်<br>လည်းကောင်း၊ သက်ဆိုင်ရာ<br>အစိုးရဌာန၊ အစိုးရအဖွဲ့<br>အစည်းများမှ ညွှန်ကြား<br>ရေးမှူးချုပ် အဆင့်အောက်<br>မနိမ့်သည့် ပုဂ္ဂိုလ်များက<br>အဖွဲ့ဝင်များအဖြစ်<br>လည်းကောင်း<br>ပါဝင်ဖွဲ့စည်းရမည်။ | ညွှန်ကြားရေးမှူးချုပ်က<br>တွဲဖက်အတွင်းရေးမှူးအဖြစ်<br>လည်းကောင်း၊ သက်ဆိုင်ရာ<br>အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများမှ<br>ညွှန်ကြား ရေးမှူးချုပ် အဆင့်အောက်<br>မနိမ့်သည့် ပုဂ္ဂိုလ်များက<br>အဖွဲ့ဝင်များအဖြစ် လည်းကောင်း<br>ပါဝင်ဖွဲ့စည်းရမည်။ | အတွင်းရေးမှူးအဖြစ်<br>လည်းကောင်း၊ ဦးစီးဌာန၏<br>ဒုတိယညွှန်ကြားရေးမှူးချုပ်က<br>တွဲဖက်အတွင်းရေးမှူးအဖြစ်<br>လည်းကောင်း  သက်ဆိုင်ရာ<br>အစိုးရဌာန၊ အစိုးရအဖွဲ့<br>အစည်းများမှ ညွှန်ကြား<br>ရေးမှူးချုပ် အဆင့်အောက်<br>မနိမ့်သည့် ပုဂ္ဂိုလ်များ၊<br>**ကျေးလက် ဒေသ ဖွံ့ဖြိုးရေးနှင့်<br>ပတ်သက် သည့်<br>ကျွမ်းကျင်ပညာရှင်များက<br>အဖွဲ့ဝင်အဖြစ်လည်းကောင်း<br>ပါဝင်ဖွဲ့စည်းရမည်။** | |
| ၁၂။ | ၃။ | ၅။ | ကြီးကြပ်မှုကော်မတီ၏လုပ်ငန်း<br>တာဝန်များမှာအောက်ပါအတိုင်း<br>ဖြစ်သည်။<br>(က)<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်<br>ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍<br>အစိုးရအဖွဲ့၏သဘောတူညီ<br>ချက်ဖြင့် မူဝါဒများနှင့်လုပ်ငန်း<br>စဉ် များချမှတ်ခြင်း။ | | ၅။ကြီးကြပ်မှုကော်မတီ၏လုပ်င<br>န်းတာဝန်များမှာအောက်ပါ<br>အတိုင်းဖြစ်သည်။<br>(က)<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်<br>ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍<br>အစိုးရအဖွဲ့၏သဘောတူညီ<br>ချက်ဖြင့် **မူဝါဒများ**ချမှတ်ခြင်း။ | **လုပ်ငန်းစဉ်များချမှတ်ခြင်းသည်<br>ပိုမိုအသေးစိတ်ကျနိုင်၍<br>လက်တွေ့လုပ်ငန်းလိုအပ်ချက်များကို<br>ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်<br>သောကြောင့်ဖြစ်သည်။** |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၃။ | | ၅။ | (ခ)ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် နှစ်စဉ်၊နှစ်တို၊ နှစ်ရှည်နှင့် ပင်မစီမံကိန်းများ ရေးဆွဲ၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊ | (ခ)ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်နှင့် စီမံကိန်းများ ရေးဆွဲ၍ အစိုးရအဖွဲ့သို့တင်ပြခြင်း၊ | (ခ)ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် **သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်မှု ကော်မတီ များမှ တင်ပြလာသော** နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည် စီမံကိန်းများအား စိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း။ | **နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်မှု ကော်မတီများအား ရေးဆွဲစေခြင်းသည် လက်တွေ့ လိုအပ်ချက် များနှင့် စီမံကိန်း အကောင်အထည်ဖော်မှု အပေါ် ပိုမို ထိရောက်နိုင်လိမ့်မည်ဟု ယူဆပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂) တွင် စီမံခန့်ခွဲရေးကဏ္ဍ၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ ပြဋ္ဌာန်းခွင့်ရှိကြောင်းဖော်ပြထားသည်။** |
| ၁၄။ | | ၅။ | (ဂ) အစိုးရအဖွဲ့က အတည်ပြု ချမှတ်ထားသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည် ပင်မ စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်းနှင့် ဦးစီးဌာနအား တာဝန်ပေးအပ် ဆောင်ရွက်စေခြင်း၊ | (ဂ)အစိုးရအဖွဲ့က အတည်ပြု ချမှတ်ထားသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည် စီမံကိန်းများကို သတ်မှတ် ကာလအတွင်း အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်းနှင့် ဦးစီးဌာနအား တာဝန်ပေးအပ်ဆောင်ရွက်စေခြင်း၊ | (ဂ)အစိုးရအဖွဲ့က အတည်ပြု ချမှတ်ထားသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှ ည် စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ကြီးကြပ်ခြင်း၊ **သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်မှု ကော်မတီ၊** အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း ခြင်းနှင့်ဦးစီးဌာနအား တာဝန်ပေးအပ် ဆောင်ရွက်စေခြင်း။ | **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်မှု ကော်မတီအား ဖွဲ့စည်းရန် ထပ်တိုးပုဒ်မ အနေဖြင့် အကြံပြုချက်အရ ဖြစ်သည်။** |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၅။ | | ၅။ | (ဂ) ကျေးလက်ဒေသနေ ပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေ တိုးတက် ရရှိနိုင်ရန် အရင်းမပျောက် မတည် ရန်ပုံငွေ ထူထောင်ပေးခြင်း။ | | ကျေးလက်ဒေသနေ ပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေ တိုးတက် ရရှိနိုင်ရန် အရင်းမပျောက် မတည် ရန်ပုံငွေ ထူထောင်ရန်**ကြီးကြပ်ပေးခြင်း။** | **အရင်းမပျောက် မတည် ရန်ပုံငွေ ထူထောင်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်မှု ကော်မတီအား ထူထောင်ခွင့် ပေးခြင်းအားဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ထူထောင်ရန် လိုအပ်လျက်ရှိသည့် ငွေကြေး အနည်း အများအား ပိုမိုလျင်မြန်စွာ တွက်ချက်နိုင်ပြီး လုပ်ငန်းပိုမို ထိရောက်စေရန် ဖြစ်သည်။** |
| ၁၆။ | | ၅။ | (စ)ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့် ကော်မတီများ၊ အဖွဲ့များ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့်ကြီးကြပ် ကွပ်ကဲခြင်း၊ | | (စ)ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်သည့် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် ကော်မတီများ။ လူထု အခြေပြုအဖွဲ့များ ဖွဲ့စည်းခြင်း။** လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ် ကွပ်ကဲခြင်း။ | **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် ကော်မတီများမှ လိုအပ်သည့် ရပ်ကွက်ကျေးရွာ အဆင့် ကော်မတီများ။ လူထု အခြေပြုအဖွဲ့များ ဖွဲ့စည်းခြင်း။ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ် ကွပ်ကဲခြင်းကို အဆင့်ဆင့် လုပ်ဆောင်ရန် ဖြစ်သည်။**<br><br>**၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂) တွင် စီမံခန့်ခွဲရေးကဏ္ဍ၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ ပြဋ္ဌာန်းခွင့် ရှိကြောင်း ဖော်ပြထား ပါသည်။** |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၇။ | | ၅။ | (ဆ)သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ်နေပြည်တော်ကောင်စီ နှင့် လိုအပ်သလို ဆက်သွယ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း | (ဆ) သက်ဆိုင်ရာ နေပြည်တော် ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် လိုအပ်သလို ဆက်သွယ် ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ခြင်း။ | **(ဆ) တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် ကြီးကြပ်မှုကော်မတီမှ တစ်ဆင့်** သက်ဆိုင်ရာ နေပြည်တော် ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ နှင့် ဆက်သွယ် ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ခြင်း။ | **သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ကြီးကြပ်မှုကော်မတီများဖွဲ့စည်းရန်ထပ်တိုးပုဒ်မဖြင့် အကြံပြုချက်အရ ဖြစ်ပါသည်။**<br><br>**၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂) တွင် စီမံခန့်ခွဲရေးကဏ္ဍ၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ ပြဋ္ဌာန်းခွင့်ရှိကြောင်း ဖော်ပြထား ပါသည်။** |
| ၁၈။ | | **အသစ်ဖြည့်စွက်ချက်** | | | **ထပ်တိုးပုဒ်မ**<br>**၅။(ဈ)ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်းသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည် စီမံကိန်းများနှင့် လုပ်ငန်းစဉ်များအား လေ့လာ စောင့်ကြည့်ခြင်း။ ရလဒ်များ ဆန်းစစ်ခြင်း။သုံးသပ်ခြင်း။** | **Monitoring and Evaluation Function အားထည့်သွင်းမှ သာ လုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်နိုင်မည် ဖြစ်ပါသည်။** |
| ၁၉။ | | ၅။ | (ဈ) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင် အထည်ဖော်ဆောင်ရွက်ခြင်း။ | ပယ်ဖျက်ပါသည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |
| ၂၀။ | ၄ | **အသစ်** | | | **ထပ်တိုးအခန်း**<br>**အခန်း(၄)** | **ဗဟိုချုပ်ကိုင်မှု များလွန်းသောကြောင့် လျှော့ကျစေရန်ဖြစ်သည်။တိုင်းဒေသကြီး** |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ၊လယ်သမား အဖွဲ့အစည်းများ<br>မှကိုယ်စားလှယ်(၂) ဦးအား<br>အဖွဲ့ဝင်အဖြစ် လည်းကောင်း<br>ပါဝင်ဖွဲ့စည်းရမည်။ | |
| ၂၂။ | | အ<br>သစ်<br>ဖြည့်<br>စွက်<br>ချက် | | | ထပ်တိုးပုဒ်မ<br>၆။(စ) ပုဒ်မခွဲ (က) အရ<br>ဖွဲ့စည်းထားသည့်<br>တိုင်းဒေသကြီး သို့မဟုတ်<br>ပြည်နယ် ကြီးကြပ်မှု<br>ကော်မတီကို<br>လိုအပ်ပါကပြင်ဆင်ဖွဲ့စည်းနိုင်သ<br>ည်။ | |
| ၂၃။ | | အ<br>သစ်<br>ဖြည့်<br>စွက်<br>ချက် | | | ထပ်တိုးပုဒ်မ<br>၇။တိုင်းဒေသကြီး သို့မဟုတ်<br>ပြည်နယ်ကြီးကြပ်မှုကော်မတီ၏<br>လုပ်ငန်းတာဝန်များမှာ<br>အောက်ပါအတိုင်းဖြစ်သည်။<br><br>(က)<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ေ<br>ရး လုပ်ငန်းများနှင့်<br>စပ်လျဉ်း၍ကြီးကြပ်မှုကော်မတီ၏<br>မူဝါဒများနှင့်အညီ<br>လုပ်ငန်းစဉ်များ ချမှတ်ခြင်း။ | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ကွပ်ကဲ နိုင်ရေး တို့အတွက်<br>တိုင်းဒေသကြီး သို့မဟုတ်<br>ပြည်နယ်ကြီးကြပ်မှု ကော်မတီကို<br>ကျေးလက် ဖွံ့ဖြိုးရေးနှင့်<br>ဆက်စပ်သည့် တိုင်းဒေသကြီး<br>(သို့မဟုတ်) ပြည်နယ်<br>အစိုးရအဖွဲ့မှ ဝန်ကြီးအား ဥက္ကဋ္ဌ<br>အဖြစ် လည်းကောင်း။<br>ဝန်ကြီးဌာနမှ တိုင်းဒေသကြီး<br>(သို့မဟုတ်) ပြည်နယ် အဆင့်<br>ဦးစီးဌာန ညွှန်ကြားရေးမှူး<br>မှအတွင်းရေးမှူး အဖြစ်<br>လည်ကောင်း။ သက်ဆိုင်ရာ<br>တိုင်းဒေကြီး (သို့မဟုတ်)<br>ပြည်နယ် အဆင့် အစိုးရဌာန၊<br>အစိုးရအဖွဲ့ အစည်းများမှ<br>ညွှန်ကြား ရေးမှူးအဆင့်အောက်<br>မနိမ့်သည့် ပုဂ္ဂိုလ်များ။<br>တိုင်းဒေသကြီး အစိုးရအဖွဲ့မှ<br>အဆိုပြုသော ကျွမ်းကျင်<br>ပညာရှင် (၃)ဦးအား အဖွဲ့ဝင်<br>အဖြစ် လည်ကောင်း။<br>သက်ဆိုင်ရာ တိုင်းဒေသကြီး<br>သို့မဟုတ် ပြည်နယ်အတွင်းရှိ<br>အလုပ်သမား အဖွဲ့အစည်း | ဆက်ဆံရသောကြောင့် တိုင်းဒေသကြီး<br>သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့မှ တိုက်ရိုက်<br>အကောင်အထည် ဖော်သင့်သည်။<br>၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈<br>ဇယား(၂) တွင် စီမံခန့်ခွဲရေးကဏ္ဍ၌<br>မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်<br>ဥပဒေ ပြဋ္ဌာန်းခွင့်ရှိကြောင်း ဖော်ပြထား<br>ပါသည်။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | (ဃ) ကုလသသမဂ္ဂအဖွဲ့အစည်း<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊<br>ပြည်ပနိုင်ငံ ၊ ပြည်တွင်း ပြည်ပ<br>အစိုးရ မဟုတ်သည့်<br>အဖွဲ့အစည်း ၊ အရပ်ဘက် လူမှု<br>အဖွဲ့အစည်း၊ လူထုအခြေပြု<br>အဖွဲ့အစည်းနှင့်<br>ပုဂ္ဂလိကများထံမှ ဒေါ်လာ<br>ငါးသန်းထက်မပိုသောဘဏ္ဍာ<br>ရေး နှင့်နည်းပညာ အကူအညီ<br>များ ကိုတိုင်းဒေသကြီး<br>(သို့မဟုတ်)<br>ပြည်နယ်အစိုးရအဖွဲ့၏သဘော<br>တူညီချက်ဖြင့်ဥပဒေနှင့်အညီရယူ<br>နိုင်ရန်ပေါင်းစပ်ညှိနှိုင်းဆောင်ရွ<br>က်ခြင်း။<br><br>(င)ကျေးလက်ဒေသနေပြည်သူမ<br>ျား၏ အလုပ်အကိုင်နှင့်<br>ဝင်ငွေတိုးတက်ရရှိနိုင်ရန်အရင်းမ<br>ပျောက်မတည်ရန်ပုံငွေ<br>ထူထောင်ပေးခြင်း။<br><br>(စ) ကျေးလက်ဒေသ ဖွံ့ဖြိုး<br>တိုးတက်ရေးလုပ်ငန်းအကောင် | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | (ခ)<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည် စီမံကိန်းများရေးဆွဲ၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း။<br><br>(ဂ)<br>အစိုးရအဖွဲ့က အတည်ပြုချမှတ်ထားသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည် စီမံကိန်းများကိုသတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ကြီးကြပ်မှုကော်မတီ၏ မူဝါဒများနှင့် အညီကြီးကြပ်ခြင်း။သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့၊ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း။ကြီးကြပ်မှုကော်မတီမှ တစ်ဆင့် ဦးစီးဌာနအား တာဝန်ပေး ဆောင်ရွက်ခြင်း။ | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | **စပ်လျဉ်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် လုပ်ငန်း စဉ်များအား သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များနှင့် အညီ အကောင်အထည်ဖော် မှုရှိမရှိ ဆန်းစစ်ခြင်း။**<br><br>**(ည) ခရိုင်ကြီးကြပ်မှု ကော်မတီ၊မြို့နယ်ကြီးကြပ်မှု ကော်မတီ များအား ဖွဲ့စည်းပြီး လုပ်ငန်း တာဝန်များ သတ်မှတ် ပြဋ္ဌာန်းခြင်းနှင့်ကြီးကြပ်ခြင်း။** | |
| ၂၄။ | ၄ | ၆။ | (ခ)ကျေးလက်ဒေသနေ ပြည်သူများက တင်ပြလာသည့် လိုအပ်ချက်များကို အခြေခံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း စီမံကိန်းများကို ဒေသ အသီးသီးရှိ သက်ဆိုင်ရာ အဖွဲ့များနှင့် ညှိနှိုင်းရေးဆွဲ၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊ အတည်ပြုချက် ရရှိပြီးက အကောင်ထည်ဖော် ဆောင်ရွက်ခြင်း။ | | ၈။(ခ)ကျေးလက်ဒေသနေ ပြည်သူများက တင်ပြလာသည့် လိုအပ်ချက်များကိုအခြေခံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း စီမံကိန်း များကို တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်ကြီးကြပ်မှု ကော်မတီ၊ ဒေသ အသီးသီးရှိ သက်ဆိုင်ရာ အဖွဲ့များနှင့် **တိုင်ပင် ဆွေးနွေးသည့် လုပ်ငန်းစဉ် များဖြင့်**ညှိနှိုင်း ရေးဆွဲ၍ကြီးကြပ်မှု ကော်မတီသို့ | **ကြီးကြပ်မှုကော်မတီသည် ဘတ်ဂျက်ပေါ်တွင်သာညှိနှိုင်းပေးရမည်။ ယခု ဥပဒေကြမ်းတွင်ကြီးကြပ်မှုကော်မတီ အတည်ပြုချက်သည်လုပ်ငန်းစဉ်နှင့် ဘတ်ဂျက်မသဲကွဲပေ။ ထိုပြင်အတည်ပြု ချက်ဆိုသော စကားရပ်သည် ဗဟိုချုပ်ကိုင်မှု များသောကြောင့်ဖိုးရိမ်ဖွယ်ရာရှိနိုင်သည်။ နည်းဥပဒေမှာဖော်ပြခြင်းထက် မူလ ဥပဒေ တွင်သာ ရှင်းလင်းစွာ ဖော်ပြသင့်သည်။** |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | အထည် ဖော်ဆောင်ရွက်ရန်လို<br>အပ်သည့် ရပ်ကွက် ကျေးရွာ<br>အဆင့် ကော်မတီများ ၊ လူထု<br>အခြေပြုအဖွဲ့များဖွဲ့စည်းခြင်း။<br>လုပ်ငန်းတာဝန်များ သတ်မှတ်<br>ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း။<br><br>(ဆ) အသက်မွေးဝမ်းကြောင်း<br>ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်<br>မြှင့်တင်ရေးလုပ်ငန်းစဉ်များအား<br>ကြီးကြပ်ကွပ်ကဲခြင်း။<br><br>(ဇ) ကျေးလက်ဒေသ ဖွံ့ဖြိုး<br>တိုးတက်ရေး<br>လုပ်ငန်းများနှင့်စပ်လျဉ်းသည့်<br>သက်ဆိုင်ရာ တိုင်းဒေသကြီး<br>(သို့မဟုတ်) ပြည်နယ် အလိုက်<br>နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်<br>စီမံကိန်းများနှင့်<br>လုပ်ငန်းစဉ်များအား လေ့လာ<br>စောင့်ကြည့်ခြင်း။ ရလဒ်များ<br>ဆန်းစစ်ခြင်း။သုံးသပ်ခြင်း။<br><br>(ဈ) ကျေးလက်ဒေသ ဖွံ့ဖြိုး<br>တိုးတက်ရေး လုပ်ငန်းများနှင့် | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | တင်ပြခြင်း အတည်ပြုချက်<br>ရရှိပြီးက အကောင်ထည်<br>ဖော်ဆောင်ရွက်ခြင်း | **၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇<br>တွင်နိုင်ငံသားအားလုံးသည် ဥပဒေအရ<br>တန်းတူအခွင့်အရေးရှိသည်။** |
| ၂၅။ | | ၆။ | (ဂ) ကြီးကြပ်မှုကော်မတီက<br>အတည်ပြု ချမှတ်ပေးသည့်<br>လုပ်ငန်းစီမံကိန်းများအတွက်<br>ရန်ပုံငွေ တွက်ချက် လျာထား<br>တင်ပြခြင်း | | ၈။(ဂ) **တိုင်းဒေသကြီး<br>(သို့မဟုတ်)<br>ပြည်နယ်ကြီးကြပ်မှုကော်မတီက**<br>အတည်ပြု ချမှတ်ပေးသည့်<br>လုပ်ငန်းစီမံကိန်းများအတွက်<br>**ဒေသတစ်ရုံချင်းစီ၏ လိုအပ်ချက်<br>အလိုက်** ရန်ပုံငွေ တွက်ချက်<br>လျာထားတင်ပြခြင်း | **ဒေသအသီးသီး၏ လိုအပ်ချက်တွေများ<br>မတူညီသောကြောင့် ဒေသ တစ်ခုချင်းစီ<br>အလိုက် ရန်ပုံငွေ သတ်မှတ်ပေးသင့်သည်။<br><br>လုပ်ငန်းစဉ် အတည်ပြုခြင်းကို တိုင်းဒေသကြီး<br>(သို့မဟုတ်)<br>ပြည်နယ်ကြီးကြပ်မှုကော်မတီ၏လုပ်ပိုင်ခွင့်<br>အတွင်းသို့ ပြောင်းလဲ အကြံပြုချက်<br>အဖြစ်ပါသည်။** |
| ၂၆။ | | ၆။ | (ဃ)ကြီးကြပ်မှုကော်မတီ၏<br>ခွင့်ပြုချက်ဖြင့် နိုင်ငံတော်<br>ဘဏ္ဍာ ရန်ပုံငွေဖြင့်ဖြစ်စေ၊<br>နိုင်ငံတကာ အကူအညီ<br>အထောက်အပံ့များဖြင့်ဖြစ်စေ၊<br>သက်ဆိုင်ရာအစိုးရဌာန၊<br>အစိုးရအဖွဲ့အစည်းများ၊<br>ပြင်ပအဖွဲ့အစည်းများနှင့်<br>ပုဂ္ဂလိကများ၏ အကူအညီနှင့်<br>ဒေသခံပြည်သူလူထု ထည့်ဝင်<br>ငွေများ ပါဝင်ပူးပေါင်း<br>ဆောင်ရွက်မှု ဖြင့်ဖြစ် | (ဃ)ကြီးကြပ်မှုကော်မတီ၏<br>ခွင့်ပြုချက်ဖြင့် ပြည်ထောင်စု ဘဏ္ဍာ<br>ရန်ပုံငွေဖြင့်ဖြစ်စေ၊ တိုင်းဒေသကြီး<br>သို့ မဟုတ် ပြည်နယ်ဘဏ္ဍာ<br>ရန်ပုံငွေဖြင့်ဖြစ်စေ၊ နိုင်ငံတကာ<br>အကူအညီ<br>အထောက်အပံ့များဖြင့်ဖြစ်စေ၊<br>သက်ဆိုင်ရာအစိုးရဌာန၊<br>အစိုးရအဖွဲ့အစည်းများ၊<br>ပြင်ပအဖွဲ့အစည်းများနှင့်<br>ပုဂ္ဂလိကများ၏ အကူအညီနှင့်<br>ဒေသခံပြည်သူလူထုထည့်ဝင်ငွေများ | ၈။(ဃ)ကြီးကြပ်မှုကော်မတီ၏<br>ခွင့်ပြုချက်ဖြင့် ပြည်ထောင်စု<br>ဘဏ္ဍာ<br>ရန်ပုံငွေဖြင့်ဖြရန်ပုံငွေဖြင့်ဖြစ်စေ၊<br>**တိုင်းဒေသကြီး သို့ မဟုတ်<br>ပြည်နယ် ကြီးကြပ်မှု<br>ကော်မတီ၏ခွင့်ပြုချက်ဖြင့်**<br>တိုင်းဒေသကြီး သို့ မဟုတ်<br>ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ<br>ဖြင့်ဖြစ်စေ၊ နိုင်ငံတကာ<br>အကူအညီ<br>အထောက်အပံ့များဖြင့်ဖြစ်စေ၊ | **တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်<br>ကြီးကြပ်မှု ကော်မတီ အား တိုင်းဒေသကြီး<br>(သို့မဟုတ်) ပြည်နယ် လုပ်ငန်းများ<br>ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေ ခွင့်ပြု<br>နိုင်ခွင့်အား ပေးအပ်သင့်သည်။** |

| | | | | | | |
|---|---|---|---|---|---|---|
| | | | စေအောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ခြင်း | ပါဝင် ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြစ်စေ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း | သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ၏ အကူအညီနှင့် ဒေသခံပြည်သူလူထုထည့်ဝင်ငွေများပါဝင် ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြစ်စေ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း | |
| ၂၇။ | | ၆။ | (ယ)(၁)ကျေးလက်ဒေသရေရရှိရေးပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်တစ်ကိုယ်ရေသန့်ရှင်းရေး၊ | (ယ)(၁)ကျေးလက်ဒေသရေရှိရေး သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်ရေး အိမ်တွင်းလေထု ညစ်ညမ်းမှု ကာကွယ်ရေး၊ | ၈။(ယ)(၁)ကျေးလက်ဒေသရှိ **သောက်သုံးရေ**ရရှိရေးပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်တစ်ကိုယ်ရေသန့်ရှင်ရေး အိမ်တွင်းလေထု ညစ်ညမ်းမှု ကာကွယ်ရေး၊ | **ရေရရှိရေးဟူသော စကားရပ်တွင် သောက်ရေနှင့် သုံးရေ အမျိုးအစား ရှိသည့်အတွက် အဓိပ္ပါယ်ပိုမို လေးနက်စေရန် နှင့် လွှမ်းခြုံနိုင်စေရန်။** |
| ၂၈။ | | | (ယ)(၆)ကျေးလက်ဒေသနေပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်သင်တန်း၊ အသက်မွေးဝမ်းကြောင်း သင်တန်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းများ | (ယ)(၆)ကျေးလက်ဒေသနေပြည်သူများ၏လုပ်ငန်းစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစက်မှုလက်မှု ကုန်ထုတ် လုပ်ငန်းဆိုင်ရာလုပ်ငန်းခွင်သင်တန်း၊ အသက်မွေးဝမ်းကြောင်းသင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနချင်း၊ အစိုးရ အဖွဲ့ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။ | အစည်းများ၊ အခြားအဖွဲ့ အစည်းများ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း | | |
| ၂၉။ | | ၆။ | (င)ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်သော လူထုအခြေပြုစီမံကိန်းများအရ ပြည်သူလူထုကိုယ်တိုင် ရွေးချယ် ဆုံးဖြတ် ဆောင်ရွက် ခွင့်ရှိသည့်ကျေးရွာတွင်းလမ်းနှင့် တံတားသို့မဟုတ်နိုင်ငံတကာ အကူအညီဖြင့်ဆောင်ရွက်သော စီမံကိန်းများတွင်ပါဝင်သည့် စိုက်ပျိုး မွေးမြူရေး ကုန်ထုတ် လမ်း များနှင့် တံတားများ တည်ဆောက်ခြင်းနှင့်ပြင်ဆင် ထိန်းသိမ်းခြင်း။ | (င)ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် အကောင် အထည် ဖော်သော ကျေးလက်ဒေသကုန်ထုတ်လမ်းနှင့် တံတား၊ လူထုအခြေပြု စီမံကိန်းများအရ ပြည်သူ လူထုကိုယ်တိုင် ရွေးချယ် ဆုံးဖြတ် ဆောင်ရွက်ခွင့်ရှိသည့် ကျေးရွာတွင်း လမ်းနှင့် တံတားတည်ဆောက် ပြုပြင်ထိန်းသိမ်းခြင်းနှင့်နိုင်ငံတကာ အကူအညီဖြင့် ဆောင်ရွက်သော ဘက်စုံစီမံကိန်းများတွင် ပါဝင်သည့် ကျေးရွာချင်းဆက်လမ်းနှင့် တံတားတည်ဆောက်ပြုပြင်ထိန်းသိမ်း ခြင်း အတွက် သက်ဆိုင်ရာ အစိုးရဌာန အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |

| | | | | | | |
|---|---|---|---|---|---|---|
| ၃၀။ | | ၆။ | (စ)ကျေးလက်ဒေသနေ<br>ပြည်သူများ၏ ကျန်းမာရေး၊<br>ပညာရေးနှင့်လူမှုစီးပွားဖွံ့ဖြိုးတိုး<br>တက်စေရေးအတွက်<br>သက်ဆိုင်သည့် အစိုးရဌာန၊<br>အဖွဲ့အစည်းများနှင့်<br>ပူးပေါင်းဆောက်ရွက်ခြင်း၊ | (စ)ကျေးလက်ဒေသနေပြည်သူများ၏<br>ကျန်းမာရေး၊ပညာရေးနှင့်လူမှု<br>စီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတွက်<br>သက်ဆိုင်သည့်အစိုးရဌာန<br>အစိုးရအဖွဲ့အစည်းများနှင့်<br>ပူးပေါင်းဆောက်ရွက်ခြင်း၊ | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက်အတိုင်း | |
| ၃၁။ | ၄ | ၆။ | (ဓ)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတ<br>က်ရေးလုပ်ငန်းဆောင်ရွက်ချက်<br>များကိုစောင့်ကြည့်စစ်ဆေးခြင်း၊<br>အကဲဖြတ်သုံးသပ်ခြင်းနှင့်အစီရ<br>င်ခံစာပြုစု၍ကြီးကြပ်မှုကော်မတီ<br>သို့တင်ပြခြင်း။ | | ၆။(ဓ)ကျေးလက်ဒေသ ဖွံ့ဖြိုး<br>တိုးတက်ရေးလုပ်ငန်း<br>ဆောင်ရွက်ချက်များနှင့်<br>**အစီရင်ခံစာ** ပြုစု၍ ကြီးကြပ်မှု<br>ကော်မတီသို့တင်ပြခြင်း။ | **စောင့်ကြည့်စစ်ဆေးခြင်း။**<br>**အကဲဖြတ်သုံးသပ်ခြင်း ကို**<br>**ကြီးကြပ်မှုကော်မတီ၊တိုင်းဒေသကြီး**<br>**(သို့မဟုတ်)**<br>**ပြည်နယ်ကြီးကြပ်မှုကော်မတီကသာပြုလုပ်သ**<br>**င့်ပါသည်။**<br>**အကယ်၍ စောင့်ကြည့်စစ်ဆေးခြင်း။**<br>**အကဲဖြတ်သုံးသပ်ခြင်း**<br>**လုပ်ငန်းစဉ်အားဦးစီးဌာန မှသာ**<br>**လုပ်ဆောင်ပါက မိမိလုပ်ငန်းစဉ်များ၏**<br>**ရလဒ်ကိုမိမိကိုယ်တိုင် အကဲဖြတ်သုံးသပ်၍**<br>**မိမိကိုယ်တိုင်စောင့်ကြည့်လေ့လာခြင်းသည်**<br>**စစ်မှန်သောရလဒ်များနှင့် လွဲချော်နိုင်မည်**<br>**ဟုယူဆပါသည်။**<br><br>**ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၀(ဂ)**<br>**အရဖြစ်သည်။** |

| | | | | | | |
|---|---|---|---|---|---|---|
| ၃၂။ | | | (ဈ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းဆိုင်ရာ အချက်အလက်များ ညှိနှိုင်း ကောက်ယူခြင်း၊ | | ၈။(ဈ)သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ **အခြားအဖွဲ့အစည်းများ၊ ရပ်ကွက် ကျေးရွာ အဆင့် ကော်မတီများမှ ကျေးရွာ ကိုယ်စားလှယ်များနှင့်အတူ** ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းဆိုင်ရာ အချက် အလက်များ ညှိနှိုင်း ကောက်ယူ ခြင်း၊ | **ဆုံးဖြတ်ခြင်းညှိနှိုင်းဆောင်ရွက်ခြင်းအား ဦးစီးဌာနမှဆောင်ရွက်နေသကဲ့သို့ဖြစ်နေပြီးဗဟိုချုပ်ကိုင်မှုများနေသည်။**<br><br>**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရဖြစ်သည်။** |
| ၃၃။ | | | (ည) ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆိုင်သော သုတေသန လုပ်ငန်း အရပ်ရပ်ကို ဆောင်ရွက်ခြင်း | | ၈။(ည)ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆိုင်သော သုတေသနလုပ်ငန်းအရပ်ရပ်ကို **အရပ်ဖက် လူ့ အဖွဲ့ အစည်းများ၊ ရပ်ကွက် ကျေးရွာ အဆင့်ကော်မတီများမှ ကျေးရွာ ကိုယ်စားလှယ်များနှင့်** ဆောင်ရွက်ခြင်း | **သုတေသန ဆောင်ရွက်ရာတွင် အရပ်ဖက်လူ့ အဖွဲ့ အစည်းများ၊ ကျေးရွာ ကိုယ်စားလှယ်များပါ ပါဝင်သင့်သည်။**<br><br>**ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁(ဂ) အရ ဖြစ်သည်။** |
| ၃၄။ | | | (ဍ)နိုင်ငံတော်ဘဏ္ဍာ ရံပုံငွေဖြင့် လုပ်ငန်း ဆောင်ရွက် ရာတွင်သက်ဆိုင်ရာ လုပ်ငန်း ကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်း အဖွဲ့များက အကောင် အထည် ဖော်နိုင်ခြင်း | | ၈။(ဍ)နိုင်ငံတော် ဘဏ္ဍာ ရံပုံငွေဖြင့် လုပ်ငန်း ဆောင်ရွက် ရာတွင် သက်ဆိုင်ရာ လုပ်ငန်း ကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်း အဖွဲ့များက အကောင် အထည် ဖော်နိုင်ခြင်း | **လူတစ်ဦးကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ ဆုံးရှုံးနစ်နာမှုဖြစ်နိုင်သည်။ လုပ်ငန်း အကောင်အထည် ဆောင်ရွက်မှု နှောင့်နှေး သွားနိုင်သည်။** |

| | | | | | | |
|---|---|---|---|---|---|---|
| | | | မရှိလျှင် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာ ဆောင်ရွက်နိုင်ခြင်း မရှိလျှင် ယင်းရန်ပုံငွေ အားလုံးကို ဖြစ်စေ၊ တစ်စိတ် တစ်ဒေသကို ဖြစ်စေဝန်ကြီးဌာန၏ သဘောတူ ခွင့်ပြုချက်ဖြင့် ပြန်လည် သိမ်းယူခြင်း | | မရှိလျှင် သို့မဟုတ် ညွှန်ကြား ချက်ကို လိုက်နာ ဆောင်ရွက် နိုင်ခြင်း မရှိလျှင် ယင်း ရန်ပုံငွေ အားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူ ခွင့်ပြုချက်ဖြင့် ပြန်လည် သိမ်းယူခြင်း**နှင့် စိစစ်၍ ပြန်လည် အကောင် အထည် ဖော်ဆောင်ရွက်ပေးခြင်း၊** | |
| ၃၅။ | | | (ပ)ကျေးလက်ဒေသ အဆောက်အအုံ ဖွံ့ဖြိုးရေး လုပ်ငန်း များကို အစိုးရ ပြည်သူနှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု စနစ်ဖြင့် ဆောင်ရွက်ခြင်း။ | | ၈။(ပ)ကျေးလက်ဒေသ အဆောက် အအုံ ဖွံ့ဖြိုးရေး လုပ်ငန်းများကို **ကျေးလက်ဖွံ့ဖြိုးရေးကော်မတီမှ တင်ပြလာသော အချက်အလက်များပေါ် မူတည်၍** အစိုးရ၊ ပြည်သူနှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု စနစ်ဖြင့်ဆောင်ရွက်ခြင်း။ | **ကျေးလက်ဖွံ့ဖြိုးရေးကော်မတီက တင်ပြလာသည့် အချက်အလက်ပေါ် အခြေခံရမည်။**<br><br>**ဥပမာ- ချင်းပြည်နယ်တွင်လမ်းဖောက်လျှင် ထယ်အိမ်စု အကြီး အကဲကို မေးပြီးဖောက်လုပ်ရပါသည်။** |
| ၃၆။ | | | (တ) နိုင်ငံတကာ အဖွဲ့အစည်း များမှ ဆောင်ရွက် နေသည့်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းဆိုင်ရာ | (တ) နိုင်ငံတကာ အဖွဲ့အစည်းများက ပြည်တွင်း၌ဆောင်ရွက်နေသည့်ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာလုပ်ငန်းများတွင် ပါဝင် ပူးပေါင်း ကူညီ ဆောင်ရွက် ပေးခြင်း၊ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | လုပ်ငန်းများတွင် ပါဝင်ပူးပေါင်း ကူညီ ဆောင်ရွက်ပေးခြင်း၊ | | | |
| ၃၇။ | | | (ထ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်သက်ဆိုင်ရာ အစိုးရဌာန၊အဖွဲ့အစည်းများ၊ လွှတ်တော် ကိုယ်စားလှယ်များ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ | ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင် ရွက်ရာတွင်သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များအစိုးရဌာန၊အစိုးရ အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |
| ၃၈။ | | ၇။ | ဦးစီးဌာနသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ကြီးကြပ်မှု ကော်မတီ၏ သဘော တူညီချက်အရ အောက်ပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခြင်း။<br>(ခ)<br>ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ (သို့မဟုတ်) လူထု အခြေပြု | ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ(သို့မဟုတ်) လူထုအခြေပြုအဖွဲ့အစည်းများနှင့် | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | အဖွဲ့အစည်းများနှင့် သဘောတူညီချက် လက်မှတ်ရေးထိုး ဆောင်ရွက်စေခြင်း | သဘောတူညီချက်ပြုလုပ်၍ ဆောင်ရွက်စေခြင်း | | |
| ၃၉။ | | | (c) နည်းပညာအကူအညီ လိုအပ်သည့်လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း။ | (c) နည်းပညာအကူအညီ လိုအပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း။ | ၉။(c) နည်းပညာအကူအညီ လိုအပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် **အခြားအဖွဲ့အစည်းများ**သို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း။ | **နည်းပညာအကူအညီ လိုအပ်သည့် အခါ အခြားအဖွဲ့အစည်းများပါ ကျွမ်းကျင်မှု အလိုက် စီစစ်ပြီးလုပ်ငန်းအပ်နှံ ဆောင်ရွက်စေခြင်းဖြင့် လုပ်ငန်းများ ပိုမို မြန်ဆန်ထိရောက်မှု များရှိနိုင်ပါသည်။** |
| ၄၀။ | | | (စ)အခြားသင့်လျော်သော နည်းလမ်းတစ်ခုခုဖြင့် အကောင် အထည်ဖော်ဆောင်ရွက်ခြင်း။ | | **ပယ်ဖျက်သည်။** | **ပုဒ်မ၇ ပုဒ်မခွဲ(က) (ခ) (ဂ) (ဃ) (င) များကိုပါ ပျက်ပြယ် သွားစေနိုင်သည်။** |
| ၄၁။ | ၅ | ၈။ | (ဃ) ဦးစီးဌာနက အခါ အားလျော်စွာ ဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာစည်းရုံးပညာပေးခြင်း လုပ်ငန်းများတွင်ပါဝင် ဆောင်ရွက်ရန် | (c)ကျေးလက်ဒေသဖွံ့ ဖြိုး တိုးတက်ရေးဆိုင်ရာ စည်းရုံးပညာပေးခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |
| ၄၂။ | | | (c) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ဆောင်ရွက်ရာတွင် ကျေးရွာ လူထု အကြား စည်းလုံးမှုကို ပျက်ပြားစေမည့် ကိစ္စရပ်များ | ပယ်ဖျက်ပါသည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ပေါ်ပေါက်လာပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ ၏ အကူအညီဖြင့်ဖြေရှင်းဆောင်ရွက်ရန်။ | | | |
| ၄၃။ | | ၉။ | ကျေးလက်ဒေသနေ ပြည်သူတို့ ၏ ရပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည်- (က)မိမိကျေးရွာဖွံ့ ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့ အစည်းနှင့် လူပုဂ္ဂိုလ်များသို့ တင်ပြပိုင်ခွင့်။ | ကျေးလက်ဒေသနေပြည်သူတို့ ၏ ရပိုင်ခွင့်များမှာအောက်ပါအတိုင်း ဖြစ်သည်- (က)မိမိကျေးရွာဖွံ့ ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက် ပေးရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့ အစည်းနှင့် လူပုဂ္ဂိုလ်များသို့ တင်ပြပိုင်ခွင့်။ | ၁၁။ ကျေးလက်ဒေသနေ ပြည်သူ တို့ ၏ ရပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည် - (က) မိမိကျေးရွာ ဖွံ့ ဖြိုး တိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရန် **ကျေးရွာ ဖွံ့ ဖြိုး တိုးတက်ရေး ကော်မတီမှ တဆင့်** သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့ အစည်း နှင့် လူပုဂ္ဂိုလ်များသို့ တင်ပြပိုင်ခွင့်။ | **ကျေးလက်ဒေသနေပြည်သူများ၏ တင်ပြချက်များအားပိုမိုထိရောက်စွာ တင်ပြနိုင်ရန်ဖြစ်သည်။ ပြည်သူ တစ်ဦးတစ်ယောက်မှတင်ပြခြင်း ထက်ကော်မတီမှတဆင့်တင်ပြခြင်းက ပိုမိုထိရောက်သောကြောင့်ဖြစ်သည်။** |
| ၄၄။ | | | (ခ) ကျေးလက်ဒေသ ဖွံ့ ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ကြည့်ရှု လေ့လာခွင့်, သတင်း အချက် အလက်များတောင်းခံရယူခွင့် နှင့် ဝေဖန် အကြံပြုချက်များကို လွတ်လပ်စွာ ဆွေးနွေး တင်ပြခွင့်၊ | (ခ) ကျေးလက်ဒေသ ဖွံ့ ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ကြည့်ရှု့ လေ့လာခွင့်၊ သတင်း အချက် အလက်များ တောင်းခံရယူခွင့်နှင့် လွတ်လပ်စွာ ဝေဖန်အကြံပြု ဆွေးနွေးတင်ပြခွင့်၊ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း | |

| | | | | | | |
|---|---|---|---|---|---|---|
